ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**The Republic of the Union of Myanmar**
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
**Ministry of Natural Resources and Environmental Conservation**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ
# The Conservation of Biodiversity and Protected Areas Law

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း (၇) ရက်
**The 7th Waxing day of Nayone, 1380 M.E.**
(၂၀၁၈ ခုနှစ်၊ မေလ၊ ၂၁ ရက်)
**(21 May, 2018)**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ
# ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ
## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| အခန်း (၁) | အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁-၇ |
| အခန်း (၂) | ရည်ရွယ်ချက် | ၈ |
| အခန်း (၃) | ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၉-၁၀ |
| အခန်း (၄) | သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်း | ၁၁-၁၈ |
| အခန်း (၅) | ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ | ၁၉-၂၄ |
| အခန်း (၆) | အမဲလိုက်ခြင်း | ၂၅ |
| အခန်း (၇) | တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့် | ၂၅-၂၇ |
| အခန်း (၈) | မှတ်ပုံတင်ခြင်း | ၂၇-၂၈ |
| အခန်း (၉) | စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ၂၉-၃၁ |
| အခန်း (၁၀) | အယူခံခြင်း | ၃၁ |
| အခန်း (၁၁) | ပြစ်မှုနှင့် ပြစ်ဒဏ်များ | ၃၁-၃၆ |
| အခန်း (၁၂) | ကင်းလွတ်ခွင့်များ | ၃၆-၃၇ |
| အခန်း (၁၃) | အထွေထွေ | ၃၇–၃၈ |

**The Conservation of Biodiversity and Protected Areas Law**

## Contents


| Sr. | Subject | Page |
|---|---|---|
| Chapter I | Title and Definition | 1-7 |
| Chapter II | Objectives | 8 |
| Chapter III | Formation of the Committee and its Functions | 9-10 |
| Chapter IV | Designation of Protected Areas and Establishment of Zoological Gardens and Botanical Gardens | 11-18 |
| Chapter V | Protected Wild Fauna and Wild Flora | 19-24 |
| Chapter VI | Hunting | 25 |
| Chapter VII | Right to Establish Zoological Garden and Botanical Garden | 25-27 |
| Chapter VIII | Registration | 27-28 |
| Chapter IX | Taking Administrative Action | 29-31 |
| Chapter X | Appeal | 31 |
| Chapter XI | Offences and Penalties | 31-36 |
| Chapter XII | Exemptions | 36-37 |
| Chapter XIII | Miscellaneous | 37-38 |

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။)**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဇီဝမျိုးစုံမျိုးကွဲ** ဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေ ဂေဟစနစ်များ၊ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရ ဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များ အကြား ကွဲပြားမှုလည်း ပါဝင်သည်။

(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်းသဘာဝ အတိုင်း ပေါက်ဖွားကျက်စားလေ့ရှိသော သို့မဟုတ် နေရင်း ဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါ တို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများလည်းပါဝင်သည်။

# The Conservation of Biodiversity and Protected Areas Law
## (The Pyidaungsu Hluttaw Law No. 12, 2018)
## The 7th Waxing day of Nayone, 1380 M.E.
## (21 May, 2018)

The Pyidaungsu Hluttaw hereby enacts this Law.

## Chapter I
## Title and Definition

1. This Law shall be called **the Conservation of Biodiversity and Protected Areas Law**.

2. The following expressions contained in this Law shall have the meanings given below:

(a) **Biodiversity** means the variability among living organisms from all sources including terrestrial, marine and other aquatic ecosystems, and the ecological complexes of which they are parted. This expression also includes diversity within species, between species and of ecosystems;

(b) **Wild fauna** means animals, birds, insects and aquatic beings that usually inhabit their natural habitats or are present in other places outside their natural habitats for various reasons. This expression also includes sperm, ova, embryos, eggs, spawn, tissues, flesh, blood and parts of them;

(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိ အပင်တို့ကို ဆိုသည်။ ယင်းစကားရပ် တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ဃ) **သဘာဝထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟာစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများတည်ရှိသည့် ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်ထားသော နယ်မြေကိုဆိုသည်။

(င) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ဤဥပဒေအရ သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(စ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းတွင်ဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင်ဖြစ်စေ အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟာစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြားခံအဖြစ် သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(ဆ) **ဂေဟာစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကိုဆိုသည်။

(c) **Wild flora** means trees, shrubs, climbers, bamboos, rattan, orchids, fungi and aquatic plants which naturally grow in their habitats. This expression also includes any seeds, tissues or parts of them;

(d) **Protected area** means areas designated by this Law for conservation of wild fauna and wild flora, ecosystems or significant geographical areas;

(e) **Core zone** means the area designated by this Law for the sustainability of ecosystems and biodiversity in a protected area;

(f) **Buffer zone** means the area designated by this Law in or at the boundary of a protected area, and which is adjacent to the core zone, to conduct development activities and to use ecosystem and biodiversity with minimum impact and without any adverse impact on the core zone;

(g) **Ecosystem** means a natural system constituting living and non-living organisms living in symbiosis and the natural environment evolving from such a system;

(ဇ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာနယ်မြေတို့ကို ဆိုသည်။

(ဈ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ည) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသောအပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် အခကြေးငွေ ယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ဋ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်။

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကြီးကြပ်မှုကော်မတီကိုဆိုသည်။

(ဍ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကိုဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(h) **Habitat** means areas where wild fauna and wild flora occur naturally;

(i) **Zoological garden** means a place where animals are bred in captivity for research, public education and recreation, with or without fees;

(j) **Botanical garden** means a place where wild flora and cultivated plants are maintained for research, public education and recreation, with or without fees;

(k) **Forest land** means reserved forests and protected public forests constituted under the Forest Law;

(l) **Committee** means the National Steering Committee for Biodiversity and Protected Areas formed under this Law;

(m) **Supervisory Body** means bodies formed for supervision of zoological gardens or botanical gardens established under this Law;

(n) **Ministry** means the Ministry of Natural Resources and Environmental Conservation of the Union Government;

(o) **Government** means the Union Government of the Republic of the Union of Myanmar;

(တ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဒ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် လွှဲအပ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့်တာဝန်ခံမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်တာဝန်ခံအထိ အဆင့်ဆင့်သော အရာရှိများကို ဆိုသည်။

(ဓ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းတာဝန်များကိုထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ်အဆင့် အထိ အဆင့်ဆင့်သော ဝန်ထမ်းများကိုဆိုသည်။

(န) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ပ) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါးပြီး မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

(p) **Minister** means the Union Minister of the Ministry of Natural Resources and Environmental Conservation;

(q) **Director General** means the Director General of the Forest Department;

(r) **Forest officer** means park wardens of protected areas and different levels of Officers from Township to Region or State Forest Departments who are assigned to carry out the functions and duties as prescribed under this Law;

(s) **Forest staff** means all staff of the Forest Department from forest guard to the Director General who are assigned to carry out functions and duties as prescribed under this Law;

(t) **Park warden** means a forest officer or a suitable person assigned by the Director General to administer a protected area, zoological garden or botanical garden;

(u) **Completely protected wild fauna** means wild fauna declared, by notification, by the Forest Department to protect due to their rareness and critically endangered status. This expression also includes any parts, derivatives or products of them;

(ဖ) **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်မှု အခြေအနေမရှိသော်လည်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကိုဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

(ဗ) **ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ကျရောက်နိုင်မှုအဆင့်သို့မဟုတ် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့် အဆင့်နည်းပါးပြီး အရေအတွက်ပေါများမှုရှိနေခြင်းနှင့် သဘာဝအလျောက် မျိုးဆက်ပေါက်ဖွား ရှင်သန်မှုကောင်းမွန်ပြီး ပေါများစွာ တွေ့ရှိရခြင်းတို့ကြောင့် အမဲလိုက်ခွင့်ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှုကို ထိခိုက်မှုမရှိစေရန်ဖြစ်စေ အချိန်ကာလသတ်မှတ်ကာကွယ် ထိန်းသိမ်းနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကိုဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

(v) **Normally protected wild fauna** means wild fauna declared, by notification, by the Forest Department which are not critically endangered but need protection due to the high possibility of becoming threatened species. This expression also includes any parts, derivatives or products of them;

(w) **Seasonally protected wild fauna** means wild fauna declared, by notification, by the Forest Department which are not critically endangered or have a low possibility of becoming threatened species, sufficient survival and population growth rates in their natural habitats that hunting can be permitted, but are protected in their breeding seasons to ensure their long term survival. This expression also includes any parts, derivatives or products of such wild fauna or seasonally migrating species;

(ဘ) **အမဲလိုက်ခြင်း** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် အနာတရဖြစ်စေခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းလည်းပါဝင်သည်။

(မ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(ယ) **မျိုးစိတ်နမူနာ** ဆိုသည်မှာ-

(၁) အရှင်ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် သို့မဟုတ် အပင်များ၊

(၂) ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များတွင် ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊

(၃) နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များတွင် ပါရှိသည့် မျိုးစိတ်များ၊ ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများ ဖြစ်နိုင်သည့် မည်သည့်အခြေအနေမျိုးမှ ဖြစ်စေ၊ တွဲဖက်ပါရှိလာသည့် စာရွက်စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ထုတ်ပိုးမှုမှဖြစ်စေ အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

ရှင်းလင်းချက်။ နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များ ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်းသုံးခုတွင်ပါရှိသည့် မျိုးစိတ်များကိုဆိုသည်။

(x) **Hunting** means harming, catching or killing wild fauna by any means. This expression also includes transporting wild fauna without permission;

(y) **Convention** means the Convention on International Trade in Endangered Species of Wild Fauna and Flora (CITES);

(z) **Specimen** means:

(i) any animal or plant, whether alive or dead;

(ii) any species and parts of plant or animal species included in appendices, except parts or derivatives exempted by the Convention;

(iii) species included in appendices, any part or derivative that appears from an accompanying document, the packaging or mark or label or from any other circumstances to be a part or derivative;

**Explanation**: Species included in appendices means the species as listed in three appendices of the Convention.

(ရ) **နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့်တိရစ္ဆာန်နှင့် အပင်များ** ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့် အပင်များကိုဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့် အပင်များ၏ အစိတ်အပိုင်း၊ သွေးရည်နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

ရှင်းလင်းချက်(၁)။ နိုင်ငံတကာကုန်သွယ်မှု ဆိုသည်မှာ နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များကို အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်းတို့ကို ဆိုသည်။

ရှင်းလင်းချက်(၂)။ ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း ဆိုသည်မှာ မည်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာသက်ရောက်မှု မရှိသည့် ပင်လယ်ပြင်မှထုတ်ယူသော မျိုးစိတ် တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ပြင်အထက်ရှိ လေထု၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်ကြမ်းပြင်အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။

(aa) **Animals and plants regulated for international trade** mean animals and plants determined by the Convention. This expression also includes any part, blood fluid, derivatives or products of them.

Explanation (1): **International trade** means export, re-export or import, and introduction from the sea of any species included in the appendices, in accordance with laws and regulations relating to customs;

Explanation (2): **Introduction from the sea** means transportation into a State of specimens of any species extracted from the marine environment which is not under the jurisdiction of any State. This expression also includes air space above the sea, sea bed and soil of sea bed.

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) နိုင်ငံတော်၏ သဘာဝနယ်မြေများထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှ တစ်ဆင့်ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊

(င) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများ၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(စ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဆ) တိရစ္ဆာန်ဉယျာဉ်နှင့် ရုက္ခဗေဒဉယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

## Chapter II
## Objectives

3. The objectives of this Law are as follows:

   (a) to implement biodiversity strategy and policy of the State;

   (b) to implement the Government policy on conservation of protected areas;

   (c) to carry out protection and conservation of wild fauna, wild flora, ecosystems and migratory animals in accordance with International Conventions ratified by the State;

   (d) to regulate trade of wild fauna and wild flora or their parts, derivatives or products;

   (e) to protect geo-physically unique areas, endangered wild fauna and wild flora and their natural habitats;

   (f) to contribute to natural scientific research and environmental education activities;

   (g) to protect wild fauna and wild flora by establishing zoological and botanical gardens.

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် –

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်များအဖြစ် လည်းကောင်း ပါဝင်သော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့်ကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

## Chapter III

## Formation of the Committee and its Functions

4. The Government:

    (a) shall form the National Steering Committee for Biodiversity and Protected Areas, comprising the Minister as the chair and representatives from the relevant government departments, government organizations and experts as members;

    (b) may re-form the Committee formed under sub-section (a).

5. The Committee members who are not the government servants are entitled to remuneration and allowance as prescribed by the Ministry.

6. The functions of the Committee are as follows:

    (a) giving guidance to implement the objectives of this Law;

    (b) giving recommendations to develop strategy and policies related to biodiversity;

    (c) giving recommendations to develop policies related to conservation of protected areas;

    (d) coordinating with the relevant government departments and government organizations to designate protected areas and establish zoological and botanical gardens, and coordinating the suggestions made by local communities;

    (e) supervising biodiversity and protected areas conservation activities;

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အသိပညာပေး ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ပြည်ပ နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီး သွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ အယူခံ မှုအပေါ် စိစစ်ဆုံးဖြတ်ခြင်း။

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ စီမံအုပ်ချုပ်လုပ်ကိုင်မှု အထောက်အကူပြုရေး နှင့်စပ်လျဉ်းသည့် ကော်မတီများကို လိုအပ်ပါက ဖွဲ့စည်းနိုင်သည်။

(f) guiding the protection of endangered wild fauna and wild flora;

(g) giving guidance to conduct natural scientific research and awareness raising;

(h) cooperating with foreign countries, international and regional organizations in implementing this Law;

(i) adjudicating appeals made in accordance with sub-section (a) of section 15 related to ecotourism in protected areas.

7. The Region or State Government may constitute supporting committees for biodiversity and protected areas management.

## အခန်း (၄)

## သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ခြင်းနှင့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များတည်ထောင်ခြင်း

၈။ သဘာဝထိန်းသိမ်းရေးနယ်မြေ အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) သိပ္ပံကြိုးဝိုင်း၊

(ခ) အမျိုးသားဥယျာဉ်၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်၊

(ဃ) သဘာဝကြိုးဝိုင်း၊

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေ၊

(ဆ) ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ။

၉။ ဝန်ကြီးဌာနသည် –

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မည်သည့်ဒေသတွင်မဆို ဤဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ လိုအပ်လျှင် အမိန့်ကြော်ငြာစာထုတ်ပြန်၍-

(၁) သဘာဝထိန်းသိမ်းရေးနယ်မြေများကို အမျိုးအစားအလိုက် သတ်မှတ်နိုင်သည်။

(၂) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များကို တည်ထောင်နိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

## Chapter IV

## Designation of Protected Areas and Establishment of Zoological Gardens and Botanical Gardens

8. The categories of protected areas are as follows:
   (a) Scientific Reserve;
   (b) National Park;
   (c) Marine National Park;
   (d) Nature Reserve;
   (e) Wildlife Sanctuary;
   (f) Geo-features Significant Area;
   (g) Community Conserved Protected Area.
9. The Ministry:
   (a) may, with the approval of the Government, act the following in any area by issuing notification for the purposes of this law;
      (i) designating protected areas according to the categories;
      (ii) establishing zoological gardens and botanical gardens;
   (b) shall make prior co-ordination with the relevant government department or government organization if it wishes to designate and establish under sub-section (a) on any land under the administration of any government department or government organization, with the exception of forest land;

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်း၏ စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေတွင် ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်လိုပါက တည်ဆဲဥပဒေနှင့်အညီ မြေသိမ်း ယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်။

(ဃ) မည်သည့်နယ်မြေ၊ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ရန် ရည်ရွယ်ကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကြိုတင်ကြေညာရမည်။

(င) ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်မည့်နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ် မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေ သတ်မှတ်တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များပါဝင်သည့် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေး အပ်ရမည်။

၁၀။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၉ အရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေး နယ်မြေတစ်ခု၏ ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အမျိုးအစား ပြောင်းလဲသတ်မှတ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ဧရိယာတစ်ခုလုံးကိုဖြစ်စေ၊တစ်စိတ်တစ်ဒေသ ကိုဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(c) shall make prior co-ordination with the relevant Ministry to acquire land in accordance with the existing Laws if it wishes to designate and establish under sub-section (a) on any land in which an individual or a private organization has the right of cultivation, right of possession, right of use and occupancy, beneficial enjoyment, inheritable right or transferable right;

(d) shall notify in advance in the prescribed manner that the land on which and the boundary within which it proposes to designate and establish under sub section(a);

(e) shall form the Preliminary Settlement Body comprising local public, representatives of non-governmental organizations and relevant experts, and assign the Body to inquire into the affected rights of the public in the relevant area within which it proposes to designate and establish under sub-section (a) in the manner prescribed, and to carry out preliminary demarcation.

10. With the approval of the Government, the Ministry may:

(a) revise categories, or alter or cancel the whole or part of a protected area designated under section 9;

(b) alter or cancel the whole or part of a zoological garden or botanical garden area established under section 9.

၁၁။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၉ အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို တစ်ခုချင်းအလိုက် ကြီးကြပ်ကွပ်ကဲရန် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့ကိုဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မ ၉ အရ သတ်မှတ်တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်။

၁၃။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်းတို့ကို နယ်မြေသတ်မှတ်၍ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ပြုနိုင်သည်။

(ခ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်းသို့ ပြင်ပပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိစေရန် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ပြည်ပနိုင်ငံများရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် လဲလှယ်ခြင်း သို့မဟုတ် လက်ခံရယူခြင်းပြုလုပ်နိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများ အတွင်းရှိ ဂေဟစနစ်အတွင်းမှရရှိသည့် ဂေဟစနစ်ဝန်ဆောင်မှုများအပေါ် အခကြေးငွေပေးဆောင်စေခြင်းစနစ်ကို သတ်မှတ်နိုင်သည်။

11. The Ministry:

(a) shall form the Supervisory Body including the local public to supervise each zoological garden or botanical garden established under section 9, and prescribe the functions of such body;

(b) may re-form or abolish the Supervisory Body as necessary.

12. The Director General shall, with the approval of the Ministry, grant appropriate privileges and benefits for affected rights of the public in the relevant area within which it proposes to designate and establish under Section 9.

13. The Director General may, with the approval of the Ministry:

(a) allow, after designating zones, scientific research, environmental study or recreation in protected areas in accordance with the regulations;

(b) take necessary measures to prevent protected areas from the threats and disturbances of adjacent areas;

(c) exchange wild fauna and wild flora with foreign countries;

(d) determine a payment system for ecosystem services derived from the ecosystems within protected areas;

(င) ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲရေရှည်တည်တံ့ရေးကို ဟန်ချက်ညီစွာဖော်ဆောင်နိုင်သည့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သော သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုကို ခွင့်ပြုနိုင်သည်။

(စ) သဘာဝထိန်းသိမ်းရေးနယ်မြေများတွင် ဝင်ကြေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေများ သတ်မှတ်ကောက်ခံရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဆ) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားတိုးတက်ရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်ပါက အမာခံထိန်းသိမ်းရေးနယ်မြေအား ထိခိုက်မှုမရှိစေဘဲ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ အတွင်းတွင် ကြားခံနယ်မြေ သတ်မှတ်ပေးရမည်။ သတ်မှတ်ထားသည့် ကြားခံနယ်မြေတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၊ ဒေသခံအခြေပြုခရီးသွားလုပ်ငန်းနှင့် ဒေသခံများ စီမံအုပ်ချုပ်သည့် အဏ္ဏဝါရေပြင်ဧရိယာအား စီမံအုပ်ချုပ်ခြင်းလုပ်ငန်းတို့ကို စည်းကမ်းချက်များသတ်မှတ်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်သည်။

(ဇ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သောလုပ်ငန်းရပ်များအတွက် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားလာခြင်းကို စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(e) allow the community participatory protected area management which favours harmonization of sustainable socio-economic development of local communities and sustainability of biodiversity conservation;

(f) determine a plan to collect entrance fees or other fees related to tourism in protected areas;

(g) designate buffer zones in protected areas for regional development activities, socio-economic development of local community and ecotourism development without any adverse impact on core zone. The community forestry, community-based tourism and management of locally managed marine area may be permitted in a designated buffer zone in accordance with procedures by stipulating conditions;

(h) accept or reject an application applied by a person or a business entity in accordance with prescribed procedures to operate an ecotourism business and related activities in protected areas.

၁၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ခွင့်ပြုချက်ကိုထုတ်ပေးသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များကိုပါ တစ်ပါတည်း ထုတ်ပြန်သတ်မှတ်ပေးရမည်။

၁၅။ (က) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စပ်ဆိုင်သော လုပ်ငန်းရပ်များအတွက် လုပ်ကိုင်လိုကြောင်း လျှောက်ထားသည့်အပေါ် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဇ) အရ ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ငြင်းပယ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံဝင်ရောက်ရာတွင် ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၁၆။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နေစေရေးအတွက် ဦးရေအမျိုးအစားနှင့် အချိုးအစားမျှတစေရန်နှင့် မျိုးရိုးဗီဇရောယှက်ခြင်းမဖြစ်စေရန် ဖမ်းဆီးခြင်း၊ သုတ်သင်ခြင်းပြုရန် အစီအမံများချမှတ် ဆောင်ရွက်နိုင်သည်။

(ခ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာအပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်းချက်များကို အများပြည်သူသိရှိရန် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

14. The Director General shall stipulate terms and conditions along with the permit for ecotourism business and related activities within protected areas under sub-section (h) of section 13.

15. (a) The person or business entity whose application is rejected under sub-section (h) of section 13, for an ecotourism business and related activities in protected areas may appeal to the Committee within 30 days from the date of rejection.

(b) The decision of the Committee shall be final and conclusive for any appeals made under sub-section (a).

16. The Director General:

(a) may take measures to catch and kill wild fauna in order to maintain sustainable populations of wild fauna, to ensure desirable proportion of wild fauna and to prevent interbreeding in protected areas;

(b) may notify conditions to be complied by the public in zoological gardens and botanical gardens established under clause (ii) of sub-section (a) of section 9;

(ဂ) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ သတ်မှတ်တည်ထောင်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် သစ်တောအရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအား အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။

၁၇။ သစ်တောဦးစီးဌာနသည် ကော်မတီကဖြစ်စေ၊ ဝန်ကြီးကဖြစ်စေ ချမှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) သိပ္ပံကြိုးဝိုင်းအတွင်း သဘာဝသိပ္ပံဆိုင်ရာ ဖြစ်စဉ်ပြောင်းလဲမှုများကို သုတေသနပြုလုပ်နိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ခ) အမျိုးသားဥယျာဉ်အတွင်း ဂေဟစနစ်များကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် သဘာဝအနေအထားကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သုတေသနပြုလုပ်နိုင်ရန်နှင့် အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် ခွင့်ပြုခြင်း၊

(ဂ) အဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားနေသောသတ္တဝါများနှင့် ယင်းတို့၏ နေရင်းဒေသများ၊ သန္တာကျောက်တန်းများ၊ ကျောက်ပန်းကျောက်ခက်များ၊ ရေညှိရေမှော်များ၊ ရေအောက်အပင်များ၊ ကမ်းခြေတစ်လျှောက်နှင့် မြစ်ဝများတွင် ပေါက်ဖွားကျက်စားနေသော တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများကို သဘာဝအတိုင်းတည်ရှိနေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(ဃ) သဘာဝကြိုးဝိုင်းအတွင်း ထူးခြားထင်ရှားသော သဘာဝအပင်များနှင့် သဘာဝအတိုင်း ဆင့်ကဲဖြစ်ပေါ်နေသော ဂေဟစနစ်များ ရေရှည်တည်တံ့နေစေရန် ကာကွယ်ထိန်းသိမ်းခြင်း၊

(c) shall assign a forest officer or a suitable person as a park warden to administer the protected area, zoological garden or botanical garden established under sub-section (a) of section 9.

17. In conformity with the guidance given by the Committee or Minster, the Forest Department shall carry out the following duties:

(a) conservation of scientific reserves to conduct research on natural evolutionary systems;

(b) permitting research and public visits for recreation within national parks without any adverse impact on the ecosystems;

(c) protection and conservation of living organisms and their natural habitats, coral reefs, sea beds, mosses and algae, aquatic plants and wild fauna inhabiting along coastline and river mouths and their habitats in the marine national parks;

(d) protection and conservation of unique and rare wild flora and the natural evolutionary ecosystem within nature reserves;

(င) တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း တောရိုင်းတိရစ္ဆာန်များ အနှောင့်အယှက်ကင်းရှင်းစွာကျက်စားနိုင်ရန် ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရာသီအလိုက်ဒေသပြောင်းရွှေ့ ကျက်စားလေ့ရှိသော ငှက်များ ရောက်ရှိရာ၊ ရပ်နားရာ၊ ပေါက်ဖွားရာဒေသများနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းရေးအတွက် ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ဘူမိရုပ်သွင်ထူးခြားသည့်နယ်မြေအတွင်း ထူးခြားလှပသော သဘာဝအနေအထားများနှင့် ရှီးရာဓလေ့များဖြင့် ထင်ရှားသည့် ဒေသများကို ထိန်းသိမ်းခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက စီမံခန့်ခွဲသော ဒေသခံအစုအဖွဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ စီမံခန့်ခွဲရေးနှင့်စပ်လျဉ်း၍ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

၁၈။ အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေ့စဉ်စီမံခန့်ခွဲအုပ်ချုပ်မှု လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိရောက်စွာ စီမံ အုပ်ချုပ်ခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်များအတွင်းရှိ တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်တို့၏ တည်ရှိဖြစ်ပေါ်ပြောင်းလဲနေမှုများကို ကွင်းဆင်း လေ့လာဖော်ထုတ် သုတေသနပြု မှတ်တမ်းတင်ခြင်း၊

(e) collaborating with local or foreign government departments, international organizations and non-governmental organizations to protect and conserve wild fauna to inhabit safely in wildlife sanctuaires, and to conserve roosting and breeding sites of migratory birds and wetlands;

(f) conservation of areas that has unique beauty and traditional customs in the Geo-features Significant Areas;

(g) technical coordination and support for management of local community conserved protected areas administered by the Regions or States.

18. The duties of a park warden are as follows:

(a) to carry out daily management responsibilities;

(b) to administer in accordance with existing laws and rules;

(c) to conduct research, document and monitor status and dynamic of animals and plants in protected areas, botanical gardens or zoological gardens;

(ဃ) ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ် စောင့်ရှောက်ခြင်းဆိုင်ရာ ပညာပေးလုပ်ငန်းများကို ပြည်သူများအား စည်းရုံးပညာပေး၍ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ အမာခံထိန်းသိမ်းရေးနယ်မြေကိုမထိခိုက်စေဘဲ ကြားခံနယ်မြေအတွင်း ဒေသခံပြည်သူတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အခြေခံ၍ ထိရောက်စွာ စီမံအုပ်ချုပ်ခြင်း၊

(စ) မြေအသုံးချမှုဆိုင်ရာပဋိပက္ခနှင့် အခြားပဋိပက္ခများ ကြုံတွေ့လာပါက အထက်အဆင့်ဆင့်သို့ တင်ပြခြင်း၊

(ဆ) သဘာဝထိန်းသိမ်းရေးနယ်မြေရှိ ကြားခံနယ်မြေအတွင်း သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ဇ) ဒေသခံပြည်သူများ ပူးပေါင်းပါဝင်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှုအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(d) to mobilize the public in order to participate in conservation of biodiversity and protected areas through public education and awareness raising;

(e) to effectively manage buffer zones focusing on development of local community livelihood but without having adverse impact on core zones of protected areas;

(f) to report any land use conflicts and other conflicts to different levels of higher authorities;

(g) to administer ecotourism development in buffer zones of protected areas;

(h) to coordinate and provide technical support for management of local community participatory protected areas.

## အခန်း (၅)

## ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ

၁၉။ သစ်တောဦးစီးဌာနသည် ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်-

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် တောရိုင်းတိရစ္ဆာန်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အောက်ပါ အမျိုးအစားအတိုင်း သတ်မှတ်ကြေညာရမည် -

(၁) လုံးဝ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၂) သာမန် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ၊

(၃) ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များ။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ကြေညာထားသော ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အမျိုးအစားများကို လိုအပ်ပါက ပြင်ဆင်သတ်မှတ်နိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့် သဘာဝအပင်များကို နိုင်ငံတော်၏ လိုအပ်ချက်အရ ကာကွယ်ထိန်းသိမ်းနိုင်ရန်အလို့ငှာ အမျိုးအမည်နှင့် နေရာဒေသကို သတ်မှတ်ကြေညာရမည်။

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မကျရောက်စေရန်နှင့် ရေရှည်တည်တံ့စေရေး ထိန်းသိမ်းကာကွယ်နိုင်ရန် ထိန်းသိမ်းမှုအဆင့်အတန်းသတ်မှတ်ချက်ကို နိုင်ငံတော်၏လိုအပ်ချက်အရ အခါအားလျော်စွာ သတ်မှတ်ကြေညာရမည်။

(င) ကွန်ဗင်းရှင်းမှ ထုတ်ပြန်သည့်စာရင်းများကို အများပြည်သူ သိရှိနိုင်ရေး သတ်မှတ်ကြေညာရမည်။

## Chapter V

## Protected Wild Fauna and Wild Flora

19. With the approval of the Ministry, the Forest Department:

(a) shall declare the following categories of endangered wild fauna that need to be protected from extinction, in accordance with the necessity of the State:

(i) completely protected wild fauna;

(ii) normally protected wild fauna;

(iii) seasonally protected wild fauna.

(b) may revise categories of endangered wild fauna declared under sub-section (a);

(c) shall declare species and associated site to conserve wild flora that need to be protected from extinction, in accordance with the necessity of the State;

(d) shall declare conservation status of wild fauna and wild flora from time to time to conserve for sustainability and to prevent their extinction in accordance with the necessity of the State;

(e) shall declare the appendices designated by the Convention for the public;

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ရမည့်တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအား ကာကွယ်ရန် အစီအမံများချမှတ် ဆောင်ရွက်ရမည်။

(ဆ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်မှ ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များသည် အခြားဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိနေပါက ယင်းတို့ကို ကာကွယ်ထိန်းသိမ်းရန် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၀။ ဝန်ကြီးသည်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကွန်ဗင်းရှင်းနှင့်အညီ ထိန်းချုပ်နိုင်ရန်-

(က) ညွှန်ကြားရေးမှူးချုပ်အား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

(ခ) သင့်လျော်သူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူအား ကွန်ဗင်းရှင်း၏ မြန်မာနိုင်ငံဆိုင်ရာ သိပ္ပံပညာရပ်တာဝန်ခံပုဂ္ဂိုလ်အဖြစ် သတ်မှတ်တာဝန်ပေးရမည်။

၂၁။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကိုဖြစ်စေ၊ သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍ ဖမ်းဆီးခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(f) shall take measures to protect endangered wild fauna and wild flora species;

(g) shall coordinate with the relevant department and organization if protected endangered wild fauna and wild flora are under the administration of other Ministries.

20. In order to regulate protected endangered wild fauna and wild flora in accordance with the Convention, the Minister shall, with the approval of the Government:

(a) designate the Director General as Management Authority of Myanmar for the Convention;

(b) designate a suitable person or persons as the Scientific Authority of Myanmar for the Convention.

21. With the approval of the Ministry, the Director General may:

(a) allow, by stipulating conditions, any local or foreign government department, government organization, non-governmental organization or an individual to capture, transport and possess completely protected wild fauna or animals regulated for international trade for the purpose of scientific research. Such department, organization or individual shall have already been permitted to conduct research;

(ခ) သုတေသနပြုလုပ်ခွင့်ရသူအား ကာကွယ်ထားသည့် သဘာဝ အပင်ကိုစမ်းသပ်ခြင်း၊ မျိုးပွားခြင်းစသည့် သိပ္ပံဆိုင်ရာ သုတေသန ပြုလုပ်နိုင်ရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေမှ ထုတ်ယူ ခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြုနိုင်သည်။

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ် အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်း များကို သုတေသနလုပ်ငန်းအတွက်ဖြစ်စေ၊ သိပ္ပံနည်းကျ အမျိုး အမည်ခွဲခြားရန်ဖြစ်စေ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး အား ပြည်ပသို့တင်ပို့ခွင့် သို့မဟုတ် သယ်ဆောင်ခွင့်ပြုနိုင်သည်။

(ဃ) ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်များကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ် နိုင်ရေးအတွက် သုတေသနပြုလုပ်ခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့ အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်း သတ်မှတ်ချက်ဖြင့် တင်သွင်းခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြု နိုင်သည်။

(င) ပြည်ပမျိုးသဘာဝအပင်ကို သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်နိုင်ရေး အတွက် သုတေသနပြုလုပ်ခွင့်ရသူအား စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်ခြင်း သို့မဟုတ် မျိုးပွားခြင်းပြုလုပ်နိုင်ရန် တင်သွင်းခွင့်၊ သယ်ဆောင်ခွင့် သို့မဟုတ် လက်ဝယ်ထားခွင့်ပြု နိုင်သည်။

(b) allow a person to collect, transport or possess protected wild flora from the protected areas for the purpose of scientific research including experiment and reproduction. That person shall have already been permitted to conduct research;

(c) allow any government department, government organization, non-governmental organization or an individual to export or transport protected endangered wild fauna and wild flora or any parts, derivatives or products of them for research and scientific species identification;

(d) allow, by stipulating conditions, any government department, government organization, non-governmental organization or an individual to import and possess alien wild fauna for the purpose of conducting scientific research. Such department, organization or individual shall have already been permitted to conduct research;

(e) allow, by stipulating conditions, any person to import or possess alien wild flora for scientific research and propagation. That person shall have already been permitted to conduct research.

၂၂။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအနက် စီးပွားရေး အလို့ငှာ မွေးမြူခြင်းပြုနိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွား စိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင် အမျိုးအမည်များကို ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာထားသည့် မွေးမြူခြင်းပြု နိုင်သော တောရိုင်းတိရစ္ဆာန်နှင့် မျိုးပွားစိုက်ပျိုးခြင်းပြုနိုင်သော သဘာဝအပင်များကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ဖမ်းဆီးခွင့်၊ စုဆောင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုနိုင်သည်။

(ဂ) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ဝါသနာအရ လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရလည်းကောင်း မွေးမြူခြင်း ကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေနှင့် ကပ်လျက်ရှိသည့် ပတ်ဝန်း ကျင်ဒေသအတွင်းလိုအပ်လျှင်တိရစ္ဆာန်မွေးမြူသူနှင့်အပင်စိုက်ပျိုး သူ မည်သူ့ကိုမဆို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ရောဂါ ကူးစက်ခြင်းနှင့် မျိုးရိုးဗီဇရောယှက်ခြင်းမှ ကာကွယ်နိုင်ရန် သင့် လျော်သည့် အစီအမံများချမှတ်ခြင်း သို့မဟုတ် ညွှန်ကြားခြင်းပြု နိုင်သည်။

(င) ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကို စီးပွားရေး အလို့ငှာလည်းကောင်း၊ ဝါသနာအရလည်းကောင်း မွေးမြူနိုင် ရေးနှင့် စိုက်ပျိုးနိုင်ရေးအတွက် စည်းကမ်းချက်များသတ် မှတ်၍ တင်သွင်းခွင့်၊ မွေးမြူခွင့်၊ စိုက်ပျိုးခွင့်၊ မျိုးပွားခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ပြုနိုင်သည်။

22. The Director General may:

(a) declare list of wild fauna which can be bred and wild flora which can be cultivated commercially, among the protected endangered wild fauna and wild flora;

(b) allow to capture, collect, breed, cultivate or transfer wild fauna and wild flora declared under sub-section (a), by stipulating terms and conditions;

(c) allow to breed normally protected wild fauna and seasonally protected wild fauna as a hobby or traditional custom, in accordance with the stipulations;

(d) take appropriate measures or issue directives, as necessary, to any person who is raising animals or cultivating plants in areas adjacent to a protected area, to prevent disease transmission or cross-breeding;

(e) allow to import, breed, cultivate, propagate or transfer alien wild fauna or wild flora for commercial purposes or as a hobby, in accordance with the stipulations;

(စ) ပုဒ်မခွဲ (ခ) နှင့် (င) တို့အရ လုပ်ကိုင်ခွင့်ပြုသည့် ကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စစ်ဆေးရန် သို့မဟုတ် မှတ်ပုံတင်ရန် သစ်တောအရာရှိ သို့မဟုတ် သိပ္ပံပညာရပ် တာဝန်ခံ ပုဂ္ဂိုလ်တို့ကို တာဝန်ပေးအပ်ရမည်။

(ဆ) ပြည်တွင်းသို့ တင်သွင်းလာသည့် ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များဖြစ်စေ၊ မျိုးရိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်နှင့် အပင်များဖြစ်စေ ကူးစက်ရောဂါပိုး ကင်းရှင်းမှု မရှိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင် သောရောဂါပိုးပါရှိခြင်း၊ အဆိပ်အတောက်ပါဝင်ခြင်း၊ ပြည်တွင်းမျိုးများအပေါ်သို့ မျိုးရိုးဗီဇ ရောယှက်စေနိုင်ခြင်းနှင့် ပြည်တွင်းမျိုးများ၏ မျိုးဆက်ပြန့်ပွားမှုကို ထိခိုက်လာစေနိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေခြင်းနှင့် အများပြည်သူ၏ ကျန်းမာရေးအပေါ် ထိခိုက်စေခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ပြည်တွင်းသို့ ဆက်လက်သယ်ဆောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ ယာယီထိန်းသိမ်းခြင်း၊ ပြန်လည်သယ်ယူသွားစေခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်။

၂၇။ (က) ညွှန်ကြားရေးမှူးချုပ်သည် စီးပွားရေးအလို့ငှာ မွေးမြူခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် စိုက်ပျိုးခွင့်ပြုထားသော သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်ပသို့ တင်ပို့ခွင့်ပြုရန် ထောက်ခံချက်ပေးနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းသို့တင်သွင်းရန်၊ ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်ပသို့တစ်ဆင့်ခံတင်ပို့ရန် ထောက်ခံချက်ပေးနိုင်သည်။

(f) assign a forest officer or a scientific authority to inspect or to register regarding the matters allowed under sub-sections (b) and (e) in accordance with the stipulations;

(g) prohibit to transport, detain temporarily, return or destroy imported alien wild fauna and wild flora, or genetically modified animals and plants, if they are found that they have infectious diseases, are contaminated with fatal germs and poison, and are harmful to the regeneration of local species, and have potential for cross-breeding with local species and potential adverse impacts on the environment and public health.

23. (a) The Director General may, with the approval of the Ministry, endorse the export of wild fauna or wild flora or any parts, derivatives or products of them permitted for breeding or for cultivating commercially;

(b) The Director General may, with the approval of the Ministry, endorse the import, export or re-export of animals or plants or any parts, derivatives or products of them regulated for international trade;

(ဂ) ထောက်ခံချက်ရယူလိုသူသည် ပုဒ်မခွဲ (က) သို့မဟုတ် (ခ) အရ ထုတ်ပေးမည့်ထောက်ခံချက်အတွက် စစ်ဆေးခ၊ ပါမစ်ကြေး သို့မဟုတ် အခြားစရိတ်ကြေးငွေများကို သစ်တောဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရမည်။

(ဃ) ညွှန်ကြားရေးမှူးချုပ်က တာဝန်လွှဲအပ်ထားသော သစ်တောအရာရှိသည် အမဲလိုက်ခွင့်၊ စုဆောင်းခွင့်၊ စီးပွားရေးအလို့ငှာ မွေးမြူခွင့်၊ စိုက်ပျိုးခွင့် သို့မဟုတ် မျိုးပွားခွင့်ပြုထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းခွင့်ပြုနိုင်သည်။

(င) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်းတို့အတွက် ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးခွင့်ရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသည် ပုဒ်မခွဲ (ခ) အရ ထောက်ခံချက် ရရှိထားသူကိုသာ ပါမစ် သို့မဟုတ် လိုင်စင်ထုတ်ပေးရမည်။

(c) The applicant shall pay the inspection fee, permit fee or other costs for a permit allowed under sub-section (a) or (b) as prescribed by the Forest Department;

(d) The forest officer who is assigned a duty by the Director General may allow the removal of wild fauna and wild flora or any parts, derivatives or products of them beyond the appropriate township boundaries. Such fauna and flora or parts, derivatives or products of them shall have already been permitted to be hunted, collected, bred and cultivated commercially or propagated.

(e) The government departments or government organizations which have the power to issue a permit or licence shall issue such licence or permit to a person who received the endorsement under sub-section (b) of section 23, to import, export or re-export the animals and plants or any parts, derivatives or products of them regulated for international trade.

## အခန်း (၆)
## အမဲလိုက်ခြင်း

၂၄။ ညွှန်ကြားရေးမှူးချုပ်သည် သဘာဝထိန်းသိမ်းရေး နယ်မြေအတွင်းရှိ တောရိုင်းတိရစ္ဆာန်များ၊ လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များနှင့် သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များမှအပ အခြားတောရိုင်းတိရစ္ဆာန်များအား အမဲလိုက်သူကို စည်းကမ်းချက်များသတ်မှတ်၍ အမဲလိုက်ခွင့်လိုင်စင်ထုတ်ပေးနိုင်သည်။

၂၅။ အမဲလိုက်ခွင့် လိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော အမဲလိုက်ခွင့်လိုင်စင်ခကို ပေးဆောင်ရမည်။

(ခ) အမဲလိုက်ခွင့်လိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သစ်တောဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၇)
## တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ် တည်ထောင်လုပ်ကိုင်ခွင့်

၂၆။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေး အဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းတစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ၊ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကပိုင် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

## Chapter VI
## Hunting

24. The Director General may issue a hunting licence, by stipulating terms and conditions, to a person who hunts any wild fauna except normally protected wild fauna, completely protected wild fauna and wild fauna within a protected area.

25. A person who receives a hunting licence shall:
- (a) pay specified hunting licence fees;
- (b) abide by terms and conditions prescribed in the hunting licence;
- (c) be inspected by the Forest Department.

## Chapter VII
## Right to Establish Zoological Garden and Botanical Garden

26. With the approval of the Government, the Ministry may:
- (a) approve, by stipulating terms and conditions, the application to operate a zoological garden or botanical garden established under sub-section (a) of section 9, in accordance with the prescribed manner, in a joint venture between the Government and any individual or any business entity, or by any individual or any business entity, for the interest of the State;
- (b) approve, by stipulating terms and conditions, to establish a private zoological garden or botanical garden in accordance with the prescribed manner.

၂၇။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) အရ တည်ထောင်လုပ်ကိုင်ခွင့်ပြုထားသော တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို တစ်ခုချင်း အလိုက် ကြီးကြပ်ကွပ်ကဲရန်လိုအပ်လျှင် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၂၈။ ပုဒ်မ ၂၆ အရ တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်ကို တည်ထောင် လုပ်ကိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးချုပ်ထံသို့ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၂၉။ ညွှန်ကြားရေးမှူးချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် လိုအပ်ချက် များနှင့် ညီညွတ်မှုရှိမရှိစိစစ်ပြီး လိုင်စင်သက်တမ်းနှင့် စည်းကမ်း ချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

(ခ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၀။ တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သော လုပ်ငန်းလိုင်စင်စည်းကမ်း ချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်နှင့်စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ် သည့်နည်းလမ်းများနှင့်အညီမြန်မာငွေဖြင့်လည်းကောင်း၊ နိုင်ငံခြား ငွေဖြင့် လည်းကောင်းပေးသွင်းရမည်။

27. The Ministry:

(a) shall form the Supervisory Body and prescribe the functions of them to supervise, if necessary, each zoological garden or botanical garden approved under sub-section (a) of section 26;

(b) may re-form or abolish the Supervisory Body if necessary.

28. A person who has received an approval to establish a zoological garden or botanical garden under section 26 shall apply to the Director General for a licence in accordance with the prescribed manner.

29. With the approval of the Ministry, the Director General:

(a) shall check whether the licence application for a zoological garden or botanical garden conforms with the specified terms and conditions, and issue a licence if the conditions are met;

(b) may withdraw a licence within the prescribed period or cancel it if a person who receives a licence violates the prescribed terms and conditions.

30. A person who receives a licence for operating the zoological garden or botanical garden:

(a) shall abide by the terms and conditions stipulated by the Director General for such licence;

(b) shall pay any tax and fee relating to the operating licence in Myanmar currency or in foreign currency, in accordance with the prescribed manner.

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ ကွယ်လွန်လျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ ညွှန်ကြားရေးမှူးချုပ်ထံသို့ လျှောက်ထားရမည်။

**အခန်း (၈)**

**မှတ်ပုံတင်ခြင်း**

၃၁။ (က) တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ရေးနှင့်သဘာဝ နယ်မြေများထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည် ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) အာဏာမတည်မီက လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း၊ ရိုးရာဓလေ့ ထုံးစံအရ လည်းကောင်း လက်ဝယ်ထားသူ သို့မဟုတ် ဝတ်စားဆင်ယင် သူသည် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာမြို့နယ် သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ထားသူထံမှ ရိုးရာဓလေ့ထုံးစံအရ ဆက်ခံရရှိသူမှအပ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းလက်ခံ ရရှိသူသည် ဝန်ကြီးဌာနက သတ်မှတ်သည့်နည်းလမ်းများနှင့် အညီ သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာနတွင် မှတ်ပုံတင် ရမည်။

(ဂ) ဤဥပဒေ အာဏာတည်ပြီးနောက် လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို သုတေသနပြုလုပ်နိုင်ရေးအတွက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ဖမ်းဆီးခွင့်၊ လက်ဝယ်ထားခွင့်ရသော ပြည်တွင်း သို့မဟုတ် ပြည်ပမှ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရ မဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ယင်း တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို သုတေသနပြုလုပ်ရန် ဖြစ်စေ၊ အမှတ်တရဖြစ်စေ လက်ဝယ်ထားရှိလိုလျှင် သတ်မှတ် သည့်နည်းလမ်းများနှင့်အညီ ဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည်။

(c) In the case of a person who receives a licence for operating the zoological garden or botanical garden deceases before the expiry of the tenure of the licence, a legal successor shall apply to the Director General in accordance with the prescribed manner.

## Chapter VIII
## Registration

31. (a) A person who possesses or wears any part of wild fauna, as a souvenir or a traditional custom, completely protected before enforcing the Protection of Wildlife and Protected Areas Law (The State Law and Order Restoration Council Law No. 6/94) shall register at the appropriate Township Forest Departments in accordance with the manner prescribed by the Ministry.

(b) Except for a person who inherits any part of a completely protected wild fauna under a traditional custom from a person registered under sub-section (a), a person who receives it in any way shall register at the appropriate Township Forest Department in accordance with the manner prescribed by the Ministry.

(c) The local or foreign government department, government organization or non-governmental organization or individual, shall register at the Ministry in accordance with the prescribed manner, if they desire to do research on or to possess any part of such wild fauna as a souvenir. Such department or organization or individual shall have already been permitted to capture or possess such fauna under sub-section (a) of section 21, to do research on a completely protected wild fauna after this Law is in force.

(ဃ) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ရရှိသူသည် တောရိုင်းတိရစ္ဆာန် မွေးမြူခြင်းနှင့် သဘာဝအပင် မျိုးပွားစိုက်ပျိုးခြင်းတို့အတွက် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ သစ်တောဦးစီးဌာနတွင် မှတ်ပုံတင်ရမည်။

(င) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ရရှိသူသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့် မှတ်ပုံတင်ကြေးငွေကို ပေးဆောင်ရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ မှတ်ပုံတင်ခြင်းအတွက် စစ်ဆေးခ၊ မှတ်ပုံတင်ခနှင့် အခြားစရိတ်ကြေးငွေများသည် သစ်တောဦးစီးဌာနက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

၃၂။ ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောအရာရှိသည် -

(က) ပုဒ်မ ၃၁ အရ မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီစိစစ်ပြီး မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ငြင်းပယ်ခြင်းခံရသူသည် ငြင်းပယ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိက ချမှတ်ထားသည့် အမိန့်အပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(d) A person who has received an approval under sub-section (b) of section 22 shall register for breeding wild fauna or cultivating wild flora at the Forest Department in accordance with the prescribed manner.

(e) A person who has registered under sub-section (d) shall pay the registration fee prescribed by the Forest Department.

(f) The inspection fee, registration fee and other fees for registration under sub-section (d) shall be prescribed by the Forest Department.

32. A forest officer who has been assigned by the Director General to carry out registration:

(a) may issue or cancel a registration certificate by scrutinizing application of registration under section 31, in accordance with the prescribed manner;

(b) a person whose application is rejected under sub-section (a), may appeal to the Director General, within 30 days from the date of rejection. The Director General may approve or amend the order of the forest officer. The decision of the Director General shall be final and conclusive.

## အခန်း (၉)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၃၃။ သစ်တောဝန်ထမ်း သို့မဟုတ် အုပ်ချုပ်ရေးမှူးသည် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူနိုင်ရန်အလို့ငှာ ရှာဖွေခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်အတွင်း ဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်သုံးသောင်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာသို့ သတ်မှတ်သည့်စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာမှ အပ တားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသောတိရစ္ဆာန်ကိုစားကျက်ချခြင်း၊လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင်အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို တစ်နည်းနည်းဖြင့်ပျက်စီးစေခြင်း၊ ခွင့်ပြုချက်မရှိဘဲ ခူးဆွတ်ခြင်း၊ ချိုးဖဲ့ခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

## Chapter IX

## Taking Administrative Action

33. A forest staff or park warden shall search, seize as an exhibit and manage in accordance with the prescribed manner, in order to take administrative action.

34. A park warden may pass an administrative order against any person to pay a fine from a minimum kyats 10,000 to a maximum kyats 30,000 if that person commits any of the following acts within a protected area or a zoological garden or botanical garden which is administered by the Government or in which the Government has subscribed share capital:

(a) entering a place where the public is permitted for recreation by violating stipulated conditions;

(b) trespassing on a prohibited place without permission, except for a place where the public is permitted for recreation;

(c) grazing or free grazing or causing domestic animals to trespass;

(d) frightening or willfully disturbing protected wild fauna;

(e) destroying by any way, plucking, breaking or possessing any wild flora and cultivated plants without permission.

၃၅။ အုပ်ချုပ်ရေးမှူးသည် သဘာဝထိန်းသိမ်းရေးနယ်မြေ အတွင်းဖြစ်စေ၊ အစိုးရအဖွဲ့ကစီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်အတွင်းဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူအား အနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည် -

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ ရုပ်ရှင် သို့မဟုတ် ဗီဒီယို ရိုက်ကူးခြင်း၊

(ဂ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) သဘာဝအပင် သို့မဟုတ် စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၃၆။ သစ်တောအရာရှိသည် ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို တားမြစ်ထားသည့် ရာသီအတွင်း ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း၊ အနာတရဖြစ်စေခြင်း သို့မဟုတ် စီးပွားရေးအလို့ငှာ မွေးမြူခြင်း ပြုလုပ်သူအား အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ဒဏ်ကြေးငွေကို ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်။

၃၇။ အုပ်ချုပ်ရေးမှူးသည် -

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ သဘာဝထိန်းသိမ်းရေးနယ်မြေမှဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည် ငွေရင်းပါဝင်သည့် တိရစ္ဆာန်ဉယျာဉ် သို့မဟုတ် ရုက္ခဗေဒဉယျာဉ်မှဖြစ်စေ ထွက်ရှိသော ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

35. A park warden may pass an administrative order against any person to pay a fine from a minimum kyats 30,000 to a maximum kyats 100,000 if he commits any of the following acts within a protected area or a zoological garden or botanical garden which is administered by the Government or in which the Government has subscribed share capital:

(a) entering a prohibited area without permission;

(b) filming or video recording commercially without permission;

(c) digging on the land, cultivating or carrying out any activity;

(d) extracting, collecting or destroying in any manner, any kind of wild flora or cultivated plant.

36. A forest officer may pass an administrative order against any person to pay a fine of a minimum kyats 70,000 extending to a maximum of kyats 200,000 if that person kills, hunts, wounds or breeds commercially a seasonally protected wild fauna during the closed season without permission.

37. A park warden shall:

(a) when passing an administrative order, confiscate the products produced from a protected area or a zoological garden or botanical garden administered by the Government or in which the Government has subscribed share capital;

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသောပစ္စည်းကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲရမည်။

## အခန်း (၁၀)

## အယူခံခြင်း

၃၈။ (က) သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးကချမှတ်သည့် စီမံခန့်ခွဲရေး ဆိုင်ရာအမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် သစ်တောအရာရှိ သို့မဟုတ် အုပ်ချုပ်ရေးမှူးက ချမှတ်ထားသည့်အမိန့်အပေါ် အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၁၁)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၉။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်နှစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) လိုင်စင်မရရှိဘဲ အမဲလိုက်ခြင်း၊

(ခ) အမဲလိုက်ခွင့်လိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းချုပ်သည့် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ စီးပွားရေး အလို့ငှာ မွေးမြူခြင်း၊

(b) manage the confiscated products in accordance with the prescribed manner.

## Chapter X

## Appeal

38. (a) Any person who is dissatisfied with an Administrative Order passed by a forest officer or park warden may appeal to the Director General within 30 days from the date of such order.

(b) The Director General may approve, cancel or revise the order passed by a forest officer or park warden.

(c) The decision of the Director General shall be final and conclusive.

## Chapter XI

## Offences and Penalties

39. Whoever commits any of the following acts shall, on conviction, be punished with imprisonment for a term not exceeding 3 years or with a fine from a minimum of kyats 200,000 to a maximum of kyats 500,000, or with both:

(a) hunting without a licence;

(b) violating any condition of the hunting licence;

(c) commercially breeding protected endangered wild fauna without permission;

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း မြေဆီလွှာထု၊ ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊ လျှပ်စစ်ဓါတ်အားကို ဖြတ်စီးစေခြင်းနှင့် ဓာတုဗေဒပစ္စည်း သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ အသုံးပြုခြင်း၊

(င) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း အဆိပ်အတောက် ဖြစ်စေသောပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(စ) တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်း လိုင်စင် မရှိဘဲ တည်ထောင်လုပ်ကိုင်ခြင်း၊

(ဆ) ကွန်ဗင်းရှင်း၏ စီမံအုပ်ချုပ်မှု အခွင့်ရပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူက ထုတ်ပေးသောစာရွက်စာတမ်း၊ အမှတ်အသား၊ အချက်အလက်နှင့် ကိန်းဂဏန်းများကို မသမာသောနည်းဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အတုအပပြုလုပ်ခြင်း၊

(ဇ) နိုင်ငံတကာ ကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များ၊ ယင်းတို့၏ မျိုးစိတ်နမူနာများ၌ ပြုလုပ်ထားသော အမှတ်အသားကို ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပျက်စီးစေခြင်း၊

(ဈ) ပြည်ပမျိုးတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ တင်သွင်းခြင်း၊ မွေးမြူခြင်း၊ စိုက်ပျိုးခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း။

(d) intentionally polluting soil, water or air, damaging a water-course or poisoning water or electrifying water, or using chemical or explosive materials in the water within the protected area;

(e) possessing or disposing of toxic objectives or mineral wastes within the protected area;

(f) establishing and operating a zoological garden or a botanical garden without a licence;

(g) altering, adding or counterfeiting dishonestly any documents, marks, facts and figures issued by the Management Authority of the Convention;

(h) altering, destroying or damaging the mark made on animals and plants regulated for international trade or the specimen of them;

(i) importing, breeding, cultivating or possessing alien wild fauna or wild flora or any parts, derivatives or products of them without permission.

၄၀။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်ကို အမဲလိုက်ခြင်း သို့မဟုတ် ရောင်းချခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(ခ) ကာကွယ်ထားသည့် သဘာဝအပင်တစ်မျိုးမျိုးကို သတ်မှတ်ထားသည့်နေရာဒေသအတွင်းခွင့်ပြုချက်မရှိဘဲထုတ်ယူခြင်း၊စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း သို့မဟုတ် ဂေဟာစနစ်ကိုဖြစ်စေ၊ သဘာဝအနေအထားတစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေ၏ နယ်နိမိတ် အမှတ်အသားတစ်ခုခုကိုဖြစ်စေ၊ အစိုးရအဖွဲ့က စီမံအုပ်ချုပ်သည့် သို့မဟုတ် အစုရှယ်ယာမတည်ငွေရင်းပါဝင်သည့်တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသား တစ်ခုခုကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန်ပျက်စေရန်ပြုလုပ်ခြင်း။

40. Whoever commits any of the following acts shall, on conviction, be punished with imprisonment for a term not exceeding 5 years or with a fine from a minimum of kyats 300,000 to a maximum of kyats 1,000,000 or with both:

(a) hunting or selling normally protected wild fauna, or possessing, transporting or transferring such wild fauna or any part of them, without permission;

(b) extracting, collecting or destroying, in any manner, any protected wild flora within a specified area without permission;

(c) trespassing within the protected area or destroying ecosystem or any natural condition;

(d) altering, removing, destroying or obliterating, without permission, any boundary marking of a protected area or of a zoological garden or botanical garden administered by the Government or in which the Government has subscribed share capital.

၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် -

(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ယင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း၊

(ခ) လုံးဝကာကွယ်ထားသည့် သဘာဝအပင် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် အပင်ကို ခွင့်ပြုချက်မရှိဘဲ ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဖျက်ဆီးခြင်း၊ ယင်းအပင်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ စုဆောင်းခြင်း၊ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်နှင့် အပင်များကို ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ထုတ်ပေးထားသော ထောက်ခံချက်မရရှိဘဲ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပသို့ တစ်ဆင့်ခံတင်ပို့ခြင်း။

41. Whoever commits any of the following acts shall, on conviction, be punished with imprisonment for a term from a minimum of 3 years, to a maximum of 10 years and also with a fine:

(a) killing, hunting, or wounding, collecting, selling, or transferring, in any manner, a completely protected wild fauna or animals regulated for international trade, or possessing or transporting such animals or any part or blood, derivatives or products of them without permission;

(b) extracting, collecting or destroying, in any manner, a completely protected wild flora or plants regulated for international trade without permission or collecting, possessing, selling, transporting or transferring, in any manner, such plants or any part or derivatives or products of them without permission;

(c) import, export or re-export animals and plants regulated for international trade without the endorsement prescribed under sub-sections (a) and (b) of section 23.

၄၂။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံးကျပ်သုံးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည် -

(က) ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင် တစ်ခုခုရရှိရန် ဤဥပဒေအရ လျှောက်ထားရာတွင် မမှန်မကန် ဖော်ပြခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပေးသော ထောက်ခံချက်၊ ခွင့်ပြုချက်၊ မှတ်ပုံတင်၊ ပါမစ် သို့မဟုတ် လိုင်စင်ကို မရိုးမဖြောင့်သော သဘောဖြင့် ပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်း။

၄၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သောင်းမှ အများဆုံး ကျပ်နှစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည်။

၄၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်း ကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

၄၅။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားတွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင် -

(က) ပြစ်မှုကျူးလွန်သူကြောင့် သစ်တောဦးစီးဌာန၏ ပစ္စည်းဆုံးရှုံးမှု တန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေး ဆောင်စေရန် အမိန့်ချမှတ်ရမည်။

42. Whoever commits any of the following acts shall, on conviction, be punished with imprisonment for a term not exceeding 3 years, or a fine from a minimum of kyats 100,000 to a maximum of kyats 300,000 or with both:

(a) stating false facts in applying for the endorsement, permission, registration, permit, or licence under this Law;

(b) altering or adding dishonestly the endorsement, permission, registration, permit or licence issued under this Law.

43. Whoever violates any prohibitions contained in the rules issued under this Law shall, on conviction, be punished with imprisonment for a term not exceeding 1 year or a fine from a minimum of kyats 70,000 to a maximum of kyats 200,000 or with both.

44. Whoever attempts to commit or conspires or abets any offence under this Law, shall be punished with the penalties stipulated for such offence.

45. The court shall, in respect of any offence instituted under this Law, punish an offender for such offence and in addition:

(a) shall pass an order against the offender to pay compensation to the Forest Department for the loss and damage of the property of the Forest Department;

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်အပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြားပစ္စည်း၊ ကိရိယာများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ကျူးကျော်ဝင်ရောက် နေထိုင်ခြင်း၊ လုပ်ကိုင်ခြင်းများနှင့်ပတ်သက်၍ လူ၊ စိုက်ပျိုးပင်၊ သီးနှံပင်၊ တိရစ္ဆာန်၊ အဆောက်အဦ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်းမှ ရက်ပေါင်း ၃၀ အတွင်း ဖယ်ရှားရန် အမိန့်ချမှတ်ရမည်။

## အခန်း(၁၂)
## ကင်းလွတ်ခွင့်များ

၄၆။ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည်-

(က) သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် ရာသီအလိုက် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏အစိတ်အပိုင်းကို အမှတ်တရပစ္စည်းအဖြစ် လည်းကောင်း၊ ရိုးရာဓလေ့ထုံးစံအရ လည်းကောင်း လက်ဝယ်ထားခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။

(ခ) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်၏ အစိတ်အပိုင်းကို ပုဒ်မ ၃၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ဖြင့် လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဝတ်စားဆင်ယင်ခြင်းနှင့် မသက်ဆိုင်စေရ။

(b) shall confiscate wild fauna, wild flora and parts of them involved in the commission of the offence, and transfer them to the Forest Department;

(c) may pass an order for confiscation of vehicles and vessels, animals and other items, tools involved in the commission of the offence;

(d) shall pass an order to remove any person, cultivated plants, crops, animals, building, movable or immovable property from the protected area within 30 days related to trespassing and working within this area.

## Chapter XII

## Exemptions

46. Sub-section (a) of section 40 or sub-section (a) of section 41 shall not apply to:

(a) possessing or wearing any part of normally protected wild fauna or seasonally protected wild fauna as a souvenir or a traditional custom;

(b) possessing or wearing any part of the completely protected wild fauna, with a certificate of registration issued under sub-section (a) of section 32;

(ဂ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူပြီး ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။

## အခန်း (၁၃)

## အထွေထွေ

၄၇။ The Wild Life Protection Act, 1936 အရ ကြေညာထားသည့် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ကြေညာထားသည့် သဘာဝနယ်မြေများကို ဤဥပဒေအရ သတ်မှတ်ထားသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများဖြစ်သည်ဟု မှတ်ယူရမည်။

၄၈။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့် အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့်အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားခွင့်ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၄၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကိုဆောင်ရွက်ရာ၌ အကူအညီတောင်းခံလာလျှင် လိုအပ်သော အကူအညီများကို ပေးရမည်။

၅၀။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သောသစ်တောအရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိစေရမည်။

(c) possessing, utilizing, selling, transporting or transferring of medicine and consumer goods produced from parts of protected endangered wild fauna and wild flora that have been permitted.

## Chapter XIII

## Miscellaneous

47. The wildlife sanctuaries declared under the Wildlife Protection Act, 1936 and natural areas declared under the Protection of Wildlife and Protected Areas Law (1994) shall be considered as protected areas under this Law.

48. In a case where adminstrative action is taken or where a legal proceeding is instituted against a person under this Law, that person shall be responsible for proving of legally owning or possessing the seized exhibits.

49. The Myanmar Police Force shall render necessary assistance when the forest staff requests for assistance in carrying out their duties.

50. All money which shall be paid to the Forest Department under this Law shall be recovered as if it were arrears of land revenue. A forest officer who is assigned by the Ministry, for this purpose, shall exercise the powers of a collector under the existing Laws.

၅၁။ ဤဥပဒေအရ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများမထုတ်ပြန်မီ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (၁၉၉၄ ခုနှစ်) အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် ဆာကြူလာများကို ဤဥပဒေ နှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) သစ်တောဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၃။ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၆/၉၄) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

51. Before issuing rules, notifications, orders, directives and procedures under this Law, any rules, notifications, orders, directives and circulars issued under the Protection of Wildlife and Protected Areas Law (1994), shall be applied as long as they are not contrary to this Law.

52. In implementing the provisions of this law:

(a) the Ministry may issue rules, regulations and by-laws with the approval of the Government;

(b) the Forest Department may issue notifications, orders, directives and procedures.

53. The Protection of Wildlife and Protected Areas Law (The State Law and Order Restoration Council Law No. 6/94), is hereby repealed by this Law.

---

I hereby sign under the Constitutional Law of the Republic of the Union of Myanmar.

(Sd) Win Myint
President
The Republic of the Union of Myanmar